မိုင်းဒေါင့်ချောင်းကျေးရွာ

မိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်

## မာတိကာ


မာတိကာ

မိုင်းဒေါင့်ချောင်းကျေးရွာ သယံဇာတပြမြေပုံ

မိုင်းဒေါင့်ချောင်းကျေးရွာ ရာသီခွင်ပြမြေပုံ

မိုင်းဒေါင့်ချောင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအမည်အရင်း


နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

# မိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ မိုင်းဒေါင့်ချောင်းကျေးရွာ သယံဇာတပြ မြေပုံ




ဒိုင်းကောင့်ချောင်းကျေးရွာမြေပုံ အညွှန်း
မြောက်
အနောက်
အရှေ့
တောင်
ရေတွင်း
- ရေကန်
ဂူဘုရား နှင့်
ဘုန်းကြီးကျောင်း
ဆေးခန်းနှင့်
ကြက်ခြေနီရုံး
အုပ်ချုပ်ရေးရုံး
အားကစားကွင်း
စာသင်ကျောင်း
သုသာန်
လမ်း
ချောင်း
စပါးစိုက်ခင်း

မိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ မိုင်းဒေါင့်ချောင်းကျေးရွာ အဖွဲ့အစည်း ပြ မြေပုံ



## မိုင်းဒေါင့်ချောင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အလွန်အေး | နေပူပြင်း | နေပူပြင်း | နေပူပြင်း | နေပူပြင်း | မိုးနည်း | မိုးများ | မိုးများ | မိုးနည်း | အအေးနည်း | အလွန်အေး | အလွန်အေး |
| အလုပ်အကိုင် | များ | များ | များ | များ | များ | များ | သင့် | နည်း | နည်း | သင့် | များ | များ |
| လက်လုပ်လက်စားမိသားစု များ ဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | များ | နည်း | များ | များ | များ | များ | များ | များ |
| အသုံးစရိတ် | များ | များ | သင့် | များ | များ | သင့် | နည်း | နည်း | များ | များ | များ | များ |
| ချေးငွေ လိုအပ်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ဝမ်းစာ ဖူလုံမှု | များ | များ | များ | သင့် | သင့် | သင့် | သင့် | နည်း | သင့် | သင့် | များ | များ |
| သောက်သုံးရေ ရရှိမှု | မလုံလောက် | မလုံလောက် | မလုံလောက် | မလုံလောက် | မလုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် |
| တိရစ္ဆာန်အစာ ရရှိမှု | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ | နည်း |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | မရှိ | မရှိ | များ | များ | မရှိ | နည်း | နည်း | မရှိ | မရှိ | နည်း | နည်း | နည်း |
| ကျန်းမာရေး အခြေအနေ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | များ | များ | များ | များ | များ | မရှိ | မရှိ | နည်း | များ | များ | မရှိ | မရှိ |
| ပွဲတော် | များ | များ | များ | များ | များ | မရှိ | မရှိ | မရှိ | မရှိ | များ | များ | များ |
| သဘာဝဘေးအန္တရာယ် | - | - | - | - | - | ရေကြီး | ရေကြီး | ရေကြီး | ရေကြီး | - | - | – |

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မိုင်းဒေါင့်ချောင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် မိုင်းဒေါင့်ချောင်းကျေးရွာ အုပ်စုတွင်တည်ရှိသည်။ ကျေးရွာသည် လပွတ္တာမြို့နှင်ရေမိုင်(၁၀ ) မိုင်းဝေကွာပါသည်။ ကျေးရွာဘေးပတ်ပတ်လည်တွင် မြစ်ချောင်းများ ဝိုင်းရံထားပါသည်။ ကုန်းလမ်းကြောင်းအသုံးမပြုပါ ရေလမ်းကြောင်းဖြင့်သာ သွားရသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက် (၁)မိုင်ခန့်အကွာတွင် ရွှေကျုန်းသာမြစ်ရှိပြီး ယင်းအကြားတွင် လယ်မြေများရှိပါသည်။ သစ်ပင် သစ်တောများမရှိပါ။ ကျေးရွာ၏ အနောက် ဘက်(၃)မိုင်အကွာတွင် ဘိုကုန်းကျေးရွာရှိပြီး ယင်းအကြားတွင် နှာခေါက်ကျေးရွာ၊ လိပ်ကုန်းကျေးရွာတို့ရှိပါသည်။ အရှေ့ဘက်တွင် (၁)မိုင်ခန့်အကွာတွင် ကတန်းကြီးချောင်း တည်ရှိပြီး ယင်းအကြားတွင် လယ်မြေများရှိပါသည်။ အရှေ့မြောက် ဘက်(၃)မိုင်အကွာတွင် ကျားနက်ကျေးရွာတည်ရှိပြီး ယင်းကြားတွင် လယ်မြေများရှိပါသည်။ အရှေ့တောင် (၁၈)ခန့် အကွာတွင် ပြင်စလူမြို့ ရှိပြီး အနောက်မြောက်(၁၀)မိုင်ခန့်အကွာတွင် လပွတ္တာမြို့ တည်ရှိ ပါသည်။ မိုင်းဒေါင့်ချောင်းကျေးရွာဝန်းကျင်မှာ ရေချိုရေငန်စပ်သောမြစ်ချောင်းများသာရှိပါသည်။ တောင်ဘက်တွင်ချောင်းရှိပြီး ဘိုကွဲချောင်းရှိပြီး ချောင်းတဖက်တွင် ဒေါင့်ကြီးကုန်းကျေးရွာရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိ တောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာ မြေများမှ မြေဆီဩဇာအခြေအနေမှာ ကောင်းမွန်မှု နည်းပါသည်။ ရေကြီးရေလျှံဖြစ်သည့်အခါတိုင်း မြစ်ရေတိုက်စားခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးရပါသည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်ဧကပေါင်း(၁၄၇၅.၁)ရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင်ရာသီ ပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ နွေစပါးမှာ ဆားငန်ရည်ဝင် ရောက် ခြင်းကြောင့်စိုက်ပျိုး လို့မရပါ။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်ဆောင်ရွက်ကြသောဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့တို့မှာ ဆောင်ရွက်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ လူငယ်အဖွဲ့၊ ပြည်သူ့အဖွဲ့တို့ကိုလည်းဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေးနာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ အဖွဲ့အစည်းများပါပြီ သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ပြီး ပူပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲရှိပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် Pact Myanmar နှင့် မြို့နယ်သမ သာရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပါသည်။ စိုက်ကေအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် နွေစပါး ဆာငန်းရည်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုး၍မရပါ။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ကေပျှမ်းမျှတင်း (၃၅) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင် သော အိမ်ထောင်စုများလည်း ရှိကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းနည်းပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်နေသူများလည်းရှိကြပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အလယ်တန်းအဆင့်သာရှိပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား ကြပါသည်။ အဆိုပါကျောင်းဆောင်တွင် မူလတန်းမှ ၈တန်းပညာထိ ကျောင်းဆောင်မှာ (၇)ဆောင်ရှိပါသော်လည်း မူကြိုကျောင်းဆောင် သက်သက်မရှိပါသော်ကြောင့် မူကြိုကလေးများနှင့် ကပ်လျက်သင်ရသော အခြားတန်းကျောင်းသားများမှ အဆိုပါကလေးများမှ ဆူညံနေသောကြောင့် စာသင်ကြားမှုမှာ အခက်ခဲရှိပါသည်။ ထို့ကြောင့် မူကြိုကျောင်းဆောင်သစ် ဆောက်လုပ်ပေးမည်ဆိုပါလျှင် သင်ကြားမှုတွင် အဆင်ပြေစွာ သင်ကြားနိုင်မည်ဖြစ်ပါသည်။ ကျောင်းရှိ ကျောင်းဆောင်များ၏ ကြမ်းခင်းဧရိယာ စုစုပေါင်းမှာ (၅၂၈၀) ပေရှိပါသည်။ ကျောင်းခြံမြေ အကျယ်အဝန်းမှာ (၄)ဧက ရှိပါသည်။ အလယ်တန်းပညာရေးကို ကျေးရွာတွင်းတွင် ပညာသင်ကြားရ သောကြောင့် ကျောင်းသားများအတွက် အခက်အခဲ မရှိပါ။ ကျေးရွာတွင် ပညာအမွေကို လက်ဆင့်ကမ်း သင်ကြားပေးနေသော ဆရာ/မ (၂) ယောက်ရှိပြီး ကျေးရွာတွင် အလယ်တန်းအဆင့်သာရှိပြီးကျောင်းဆောင်(၇) ဆောင်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲ ဆေးခန်းရှိပြီး အဆောက်အဦမရှိသေးပါ။ ၎င်းအဆောက်အဦကို ကျေးရွာမှကိုယ်ထူကိုယ်ထ ဝန်ထမ်းများနေထိုင်ရေးအတွက် စီစဉ်ပေးထားပြီး လာရောက်ကုသသော လူနာများကိုလည်း အဆိုပါအဆောက်အဦတွင် ကုသရပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးမှူး ရုံးအဆောက်အဦ ရှိပါသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းများဖြစ်သော၍ မိုးရာသီတွင် လမ်းများမှာ နိမ့်ကျသောကြောင့် မိုးများရေကြီးလျှင်ရေများ လမ်းပေါ်သို့ လျှံတက်လာသဖြင့် သွားလာရသည်မှာအခက် အခဲများရှိပါသည်။ သို့ဖြစ်ပါ၍ ကျောက်ချေားလမ်းသို့ အဆင့်မြှင့်တင်ပေးပါလျှင် ကျေးရွာအတွက် သွားရေးလာရေးပိုမို အဆင်ပြေပြီး ကျေးရွာဖွံ့ဖြိုးရေးအား အထောက်အကူပြုပါသည်။ ကျေးရွာသည် မြစ်ဘေး ကျေးရွာဖြစ်သည့်အတွက် လှေနှင့်စက်တပ်လှေများကိုသား အဓိကသုံးရပါသည်။ ကျေးရွာအားကစားကွင်းကို ၂၀၁၆ ခု မတ်လမှ စတင်ချိန် စံချိန် စံညွှန်းပြည့်မှီသော အားကစားကွင်းကြီးကို ကိုယ်ထူကိုယ်ထ ဖောက်လုပ်လျှက်ရှိပါသည်။ ယင်းအားကစားကွင်းကြီးကို (၂၀၁၉)တွင် အပြီးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိပြည်သူများသည် အင်တာနက်ဖြင့် ချိတ်ဆက်ပြီး သတင်း အချက်အလက်များကို ဖတ်ရှု သိရှိရသဖြင့် ပြင်ပအသိပညာ ဗဟုသုတများစွာရရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် သမဝါယမဦးစီးဌာနမှ လယ်သမားများနှင့် မွေးမြူရေးသမားများကိုထုတ်ချေးပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် Pact Myanmar အဖွဲ့မှလည်း ၁၄ ရက်လျှင်တစ်ကြိမ် အရင်းအတိုး ပေးဆပ်ခြင်းဖြင့် ထုတ်ချေးပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီး ကျေးရွာတွင် ချေးငွေလိုပ် ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ သည် အခြားပုဂ္ဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း(၃ကျပ်မှ ၁၀ကျပ်အထိ ) တိုး ယူကြရကြောင်း တွေ့ရပါသည်။

**(င) ပညာရေး**

ကျေးရွာရှိ ကျောင်းသားအင်အားနှင့် ဆရာ/ဆရာမ ဝန်ထမ်းမှာ လောက်လုံ မှုရှိပါသည်။ ကျေးရွာလူဦးရေ၏ ကျောင်းတက်မှုနှုန်းမှာ(၂၁.၉%)ခန့်သာ ရှိပါသည်။ ကျေးရွာကျောင်းတွင် ကျောင်းသားဦးရေသည်ကျား(၁၉၁)ဦး၊ မ (၁၈၂)ဦးရှိပြီး ကျေးရွာတွင် အလယ် တန်းအဆင့်သာ အထိသာ ရှိပါသည်။  ကျေးရွာတွင်းမှ မူလတန်းအဆင့်မှ အလယ်တန်း အဆင့်ကို ကျေးရွာတွင်းတွင် အလွယ်တကူ ပညာသင်ကြားရသောကြောင့် အဆင်ပြေပါသည်။ အထက်တန်း ပညာရေးကို ရေကြောင်းလမ်း(၁၀)မိုင် ဝေးကွာသော လပွတ္တာမြို့တွင် သွားရောက် သင်ကြားရပါသည်။ အထက်တန်းပညာရေးကို တခြားမှာ သွားရောက်တက်ရသည့်အတွက် ငွေကြေးအခက် အခဲရှိ၍ အကုန်အကျပိုမိုများပြား သောကြောင့် ပညာရေးတပိုင်းတစနှင့် ကျောင်းထွက်ရသော ကျောင်းသူကျောင်းသားများ လည်းတွေ့ရပါသည်။ ထို့ကြောင့် ကျေးရွာတွင် အထက်တန်းကျောင်း ရှိလာမည်ဆိုပါက ကျေးရွာမှ ကျောင်းတက်မှုနှုန်းမြင့်မားလာပြီး ကျွန်တော်တို့ကျေးရွာမှာပညာတက် လူငယ်

များပြားလာမည် ဖြစ်ပါသည်။ တက္ကသိုလ်/ကောလိပ် ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီ ဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေးဌာနမှ တာဝန်ရှိဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများကို ကျေးရွာတွင်းတွင် ကျန်းမာရေးဌာန(ခွဲ)ရှိသဖြင့် တာဝန်ကျဆရာ/ဆရာမ (၂)နှစ်ဦးရှိပြီး ဆေးကုသမှုခံယူရခြင်း အခက်အခဲမရှိပါသည်။ ဗိုင်းဒေါင့်ချောင်းကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနခွဲ သည် (၂၀၁၈) ခုနှစ်မှ စတင်ကျရောက်ခဲ့သည့်အတွက် အဆောက်အဦမရှိသေးပါ ဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် ကျေးရွာမှ ကိုယ်ထူကိုယ်ထ အဆောက်အဦများ ထောက်ပံ့ရပါသည်။ လက်ရှိအခြေအနေအရ ဆေးကုသခန်းအဖြစ် အသုံးပြုနေရပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေး အဆောက်အဦ ချထားပါက ကုသရာတွင် အဆင်ပြေစွာကုသနိုင်ပါမည်။ အရေးပေါ် အခြေအနေတွင် ပြည်သူ့ဆေးရုံဖြစ်သော လပွတ္တာ(၁၀)မိုင်မြို့သို့ သွားရောက်ကုသရပါသည်။

ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါသော်လည်း အားကစားလုပ်ဆောင်မှု အလွန်အားနည်းခြင်းများရှိပါသည်။ အများစုမှာ ကျန်းမာသန်စွမ်း ကြပါသည်။ ၎င်းကျေးရွာအား ကျန်းမာရေးအသိပညာပေးခြင်းများ တစ်ကိုယ် ရည်ကျန်းမာရေးပညာ ပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ယခုထက်ပိုမိုကောင်း မွန်သော ကျန်းမာ ပျော် ရွှင်သော ကျေးရွာဖွံ့ဖြိုးရေး အတွက်များစွာ အထောက်အကူပြုနိုင်သောကျေးရွာ တစ်ရွာ ဖြစ်လာမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာသည် မြစ်ချောင်းများ ပတ်ပတ်လည်ဝိုင်းရံထားသော ကျေးရွာဖြစ်သောကြောင့် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်

ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများ ပျက်စီးခြင်းနှင့် မြစ်ရေတိုက်စားခြင်းကြောင့် မြေဆီလွှာများဖျက်ဆီးရ ပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ် သောအလေ့အထ မရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

**(ဈ) ကျား – မ ရေးရာ**

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ် လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာ တွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစားသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး ထိ ကျား/မတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းမကြီးကျောက်ချောလမ်း ရရှိရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရွာတွင်း လမ်းသွယ်များ မြေသားလမ်း အဆင့်မြှင့်တင်ရေး စီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | သောက်သုံးရေရရှိရေး စီမံချက် | ၃ |
| ၄ | အခြေခံအဆောက်အဦ | မူကြိုကျောင်းရရှိရေးစီမံချက် | ၄ |
| ၅ | လူငယ်နှင့် အားကစား | အားကစားကွင်းရရှိရေးစီမံချက် | ၅ |
| ၆ | လျှပ်စစ် | ဆိုလာမီးလင်းရေး ရရှိရေးစီမံချက် | ၆ |

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အအုံ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်း သွားလာ ရန် ခက်ခဲခြင်း | • မြေသာလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက် ထူခြင်းကြောင့် | • ကျေးရွာမှ လုပ်အား ဒါန နှင့် ငွေသားအချို့ ကူညီပေးနိုင် ခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက် မတတ်နိုင်ခြင်း၊ | • ရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊<br>• ကျေးလက်ဦးဌာနနှင့် ချိတ်ဆက်တောင်းခံခြင်း ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း | • ကျေးရွာတွင်းလမ်း မကြီးအဆင့်မြှင့် တင်ရေး စီမံချက် |

| | | | | | |
|---|---|---|---|---|---|
| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
| **ကဏ္ဍ – အခြေခံအဆောက်အအုံ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်း သွားလာ ရန် ခက်ခဲခြင်း | • မြေသာလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက် ထူခြင်းကြောင့် | • ကျေးရွာမှ လုပ်အား ဒါန နှင့် ငွေသားအချို့ ကူညီပေးနိုင် ခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက် မတတ်နိုင်ခြင်း၊ | • ရွာတွင်းလမ်းသွယ်များအဆင့် မြှင့်တင်ရေး စီမံချက် ရေး ဆွဲဆောင်ရွက်ခြင်း၊<br>• ကျေးလက်ဦးဌာနနှင့် ချိတ်ဆက်တောင်းခံခြင်း ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း<br>• | • ကျေးရွာတွင်းလမ်းသွယ်များ အဆင့်မြှင့် တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အအုံ** | | | | | |
| သောက်သုံးရေးလုံလောက်စွာမရရှိနိုင်ခြင်း | • အခြားရေအရင်းမြစ်မရရှိခြင်း၊ ရေကန်များကောနေခြင်းကြောင့် အသုံးပြုမရခြင်း | • ပျက်စီးနေသောရေကန်များဖြစ်သောကြောင့် မြေနေရာရှိခြင်း၊ မိုးများခြင်း | • ကျေးရွာ၏ ငွေအင်အားထည့်ဝင်လိုစိတ်ရှိသော်လည်း စီးပွားရေးအခြေအနေ အရ ငွေကြေးအခက်အခဲ ရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အခြားအလှူရှင်များနှင့် ချိတ်ဆက်ခြင်း | ကျေးရွာသောက်သုံးရေကန် အဆင့်မြှင့်တင်ရေးစီမံချက် |
| **ကဏ္ဍ – အခြေခံအဆောက်အအုံ** | | | | | |
| • ကျောင်းဆောင်မလုံလောက်ခြင်း၊ | • ကျောင်းသားဦးရေများပြားခြင်း<br>• မူကြိုကလေးများဆူညံမှုကြောင့် အခြားကျောင်းသားများ အနှောက်အယှက်ဖြစ်ခြင်း | • မြေနေရာရှိခြင်း<br>• ငွေကြေးထည့်ဝင်နိုင်ခြင်း<br>• လုပ်အားပါဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေးအလုံအလောက်မတတ်နိုင်ခြင်း၊ ကျေး ရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာတင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီအဖွဲ့ဖွဲ့စည်း၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • မူကြိုကျောင်းဆောင်သစ်ရရှိရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| • လူငယ်များ အပန်းဖြေစရာ နေရာမရှိခြင်း | • အားကစားကွင်း မကောင်းခြင်း၊ | • လူငယ်များ စိတ်အားထက်သန်မှုရှိခြင်း၊ မြေနေရာရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်မရှိခြင်း၊ | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်များ | • ကျေးရွာအားကစားကွင်း အဆင့်မြှင့်တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေ အနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – လျှပ်စစ်** | | | | | |
| • မဟာဓာတ်အားလိုင်းနှင့်ဝေကွာနေခြင်း၊ ဆိုလာမီး မရရှိခြင်း | • မြစ်များခြားနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • ကျေးရွာမှ လုံလောက်သော ငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာ ဆိုလာမီးလင်းရေး စီမံချက် |

မိုင်းဒေါင့်ချောင်းကျေးရွာ၊ မိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံသာကျော် | ဦးဂျာရစ် | ၁၄/လပတ(နိုင်)၁၁၇၇၄၄ | ၇၀ | နာယက | - |
| ၂ | ဦးခင်စိုး | ဦးမောင်အုန်း | ၁၄/လပတ(နိုင်)၀၂၉၅၉၄ | ၆၃ | နာယက | 09450303509 |
| ၃ | ဦးအမောင် | ဦးကျင်ခံ | ၁၄/လပတ(နိုင်)၀၂၈၅၃၇ | ၅၈ | နာယက | 09260153317 |
| ၄ | ဦးသန်းထွန်း | ဦးတင်ရှိန် | ၁၄/လပတ(နိုင်)၀၂၉၉၃၀ | ၅၃ | ဥက္ကဋ္ဌ | 092634424626 |
| ၅ | ဦးကျော်နိုင် | ဦးတင်ညွှန့် | ၁၄/လပတ(နိုင်)၁၁၃၈၅၆ | ၄၃ | ဒုတိယဥက္ကဋ္ဌ | 09450267230 |
| ၆ | ဦးလှစိုး | ဦးမောင်အုန်း | ၁၄/လပတ(နိုင်)၀၂၉၁၁၁ | ၄၉ | အတွင်းရေးမှူး | 09441640035 |
| ၇ | ဦးစိုးထိုက် | ဦးငြိမ်း | ၁၄/ပစလ(နိုင်)၀၇၃၄၆၁ | ၃၂ | တွဲဘက်အတွင်းရေးမှူ | 09253198433 |
| ၈ | ဦးလှဋ္ဌေး | ဦးသန်းအောင် | ၁၄/လပတ(နိုင်)၀၂၈၆၂၅ | ၅၀ | ဘဏ္ဍာရေးမှူး | 09401251565 |
| ၉ | ဦးမောင်ကြီး | ဦးအေးဖေ | ၁၄/ပစလ(နိုင်)၀၄၈၇၆၁ | ၅၀ | တွဲဖက်ဘဏ္ဍာရေးမှူး | 09403962493 |
| ၁၀ | ဦးသန်းအေး | ဦးကျော်ခန့် | ၁၄/လပတ(နိုင်)၁၁၀၇၃၈ | ၅၈ | စာရင်းကိုင်(၁) | - |
| ၁၁ | ဦးသန်းဋ္ဌေး | ဦးသန်းအောင် | ၁၄/လပတ(နိုင်)၀၁၇၅၁၅ | ၅၅ | စာရင်းကိုင်(၂) | 09250683353 |
| ၁၂ | ဒေါ်ဋ္ဌေးကြည် | ဦးရှိန် | ၁၄/ပစလ(နိုင်)၀၆၈၁၉၁ | ၅၄ | သော့ကိုင်(၁) | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၃ | ဒေါ်အေးမြင့် | ဦးမောင်မောင် | ၁၄/ပစလ(နိုင်)၀၄၈၇၇၁ | ၄၀ | သော့ကိုင်(၂) | 09453001364 |
| ၁၄ | ဦးကျော်နိုင်ဦး | ဦးစောနိုင် | ၁၄/ပစလ(နိုင်)၀၄၀၂၂၅ | ၄၀ | အဖွဲ့ဝင် | 09450121835 |
| ၁၅ | ဦးသန်းမြင့် | ဦးလှရှိန် | ၁၄/ပစလ(နိုင်)၀၄၀၂၂၁ | ၅၂ | အဖွဲ့ဝင် | 09450333802 |
| ၁၆ | ဒေါ်အိမွန်လှိုင် | ဦးမြင့်နိုင် | ၁၄/ပစလ(နိုင်)၀၂၉၆၅၉ | ၃၅ | အဖွဲ့ဝင် | - |
| ၁၇ | ဦးအောင်ထူး | ဦးစိုးမင်း | ၁၄/ပစလ(နိုင်)၀၀၃၄၂၂ | ၄၄ | အဖွဲ့ဝင် | - |
| ၁၈ | ဒေါ်စန္ဒာဝင်း | ဦးသန်းထွေး | ၁၄/ပစလ(နိုင်)၀၆၅၄၁၅ | ၄၅ | အဖွဲ့ဝင် | 094040199729 |
| ၁၉ | ဒေါ်နန်းဝင်းရီး | ဦးမန်းကြွက် | ၁၄/ပစလ(နိုင်)၀၄၉၉၇၅ | ၅၄ | အဖွဲ့ဝင် | - |
| ၂၀ | ဒေါ်ဇင်မာသက် | ဦးအောင်ဇော် | ၁၄/ပစလ(နိုင်)၀၅၀၀၂၀ | ၃၀ | အဖွဲ့ဝင် | 09445768264 |
| ၂၁ | ဒေါ်ဖြူဖြူချော | ဦးဖိုးနီ | ၁၄/ပစလ(နိုင်)၂၂၅၀၆၀ | ၃၅ | အဖွဲ့ဝင် | - |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၇ | ၂၆ | ၄၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၁ | ၆၄ | ၁၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈၉ | ၈၆ | ၁၇၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၅ | ၅၅ | ၁၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁၄ | ၅၇၈ | ၁၁၉၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၁၇ | ၃၄ |
| **စုစုပေါင်း** | | **၈၈၃** | **၈၂၆** | **၁၇၀၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၂၅** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။မိုင်းဒေါင်ချောင်းအုပ်စု၊ မိုင်းဒေါင်ချောင်းကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသောကျေးရွာ တစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြပါသည်။ အိမ်ထောင်စု (၄၂၅)စု ၊ လူဦးရေ (၁၇၀၉)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၅၁%)၊ ၅နှစ်အောက် ကလေးငယ် (၇.၉%)၊ မူလတန်းကျောင်းသာအရွယ် (၁၀.၂၃%)၊ အလယ် တန်းကျောင်းသားအရွယ် (၇.၆၁%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၇၄%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၁.၉၉%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၀.၂၅%) ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၈၈၃)ဦး၊ မ (၈၂၆)ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူ လုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၄၇၅.၁ | ညံ့ | အနည်းအကျဉ်း | ချောင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၄၂၈.၂၅ | သင့် | အနည်းအကျဉ်း | ချောင်း |
| အိမ်ခြံဝင်း စိုက်ခင်း | ၈ | သင့် | အနည်းအကျဉ်း | ချောင်း |
| ကိုင်း/ကျွန်းမြေ | ၅ | သင့် | အနည်းအကျဉ်း | ချောင်း |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| ဓနိတော | ၆.၃ | သင့် | အနည်းအကျဉ်း | ချောင်း |
| **စုစုပေါင်း** | **၁၉၂၂.၆၅** | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဗိုင်းဒေါင့်ချောင်းကျေးရွာသည် လယ်မြေ ဧက (**၁၄၇၅.၁**)ဧက၊ ဥယျာဉ်ခြံမြေဧက (**၄၂၈.၂၅**)ဧက၊ အိမ်ခြံဝန်းစိုက်ခင်း(၈)ဧက၊ ကိုင်းကျွန်းမြေ(၅)ဧကရှိပြီး ဓနိတောမြေဧက(၆.၃)ဧကရှိပါသည်။ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းအများဆုံး လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေ ရရှိသူများပြားပါသည်။**

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဗိုင်းဒေါင့်ချောင်း ကျေးရွာမှ ကျောက်များမရရှိနိုင်ပါ။ သဲများသာ ရရှိပါသည်။ ၎င်းကျေးရွာသည် ကျောက်များကို လိုအပ်ပါက သင်္ဘောဖြင့် သယ်ယူရပါသည် အဆိုပါသဲ၊ ကျောက်များကို ကျေးရွာအနီးတွင် အလွယ်တကူ မရရှိနိုင်ပါ။**

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာ<u>တစ် ခုကိုသာ</u> ရွေးရန်) | **လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | မိဘဆရာ အသင်း ကော်မတီ | ၁☐ ၂■ ၃☐ | ပညာရေး ■ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ပညာရေးလုပ်ငန်းများတွင်ပါဝင် မှုအားကောင်းပါသည် |
| ၂ | ပြည်သူ့စစ်အ ဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်း များတွင် ဆောင်ရွက်လျက်ရှိပါသည် |
| ၃ | ဂေါပက | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | ဒေသဖွံ့ဖြိုးရေး | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ |
| ၅ | ကျန်းမာရေးအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၆ | မြတ်ကုသိုလ်နာရေးကူညီမှုအသင်း | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | လူမှုရေးကိစ္စများ လုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၆ | ကြက်ခြေနီအသင်း | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | လုံခြုံရေး၊ကာကွယ်ရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပါသည်။ |
| ၇ | ပရဟိတ အဖွဲ့ | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၈ | ရမိ ရပ်ဖ အဖွဲ့ | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။ ။ ဗိုင်းဒေါင့်ချောင်း ကျေးရွာသည် အသင်းအဖွဲ့အစည်းများပြီး ကဏ္ဍအသီးသီးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲရှိပါသည်။ ပြင်ပအဖွဲ့အစည်း အားဖြင့် မြို့နယ် သမဝါယမ၊ Pact Myanmar အဖွဲ့အစည်းများ ရှိပါသည်။ ကျေးသည် စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။ရွာတွင်အုပ်ချုပ်ရေးပိုင်း တွင်ပိုပြီးအားကောင်း၍ ကျေးရွာတွင်း ကဏ္ဍအလိုက် အဖွဲ့အစည်းများရှိပါသည်။**

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၆၀ ဧက အထက် | ၁၅.၂၀ဧကမှ ၅၉ဧကအောက် | ၉ ဧက အောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လှေ၊ စက်လှေ | လှေ | လှေ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ်၊ | လယ်၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၁၀** | **၁၅** | **၁၀၀** | **၃၀၀** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဗိုင်းဒေါင့်ချောင်းကျေးရွာသည် အိမ်ထောင် စုအားဖြင့် (၄၂၅)စုရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၅.၉%)နှင့် အလယ်အလတ် အိမ်ထောင်စု (၃.၅၂%)မှာ ဝင်ငွေကောင်းသော လယ်လုပ်ငန်းများကလုပ်ကိုင် အသက် မွေးကြ ပါသည်။ မပြေလည်သော အိမ်ထောင်စု (၂၃.၅၂%)မှာ လယ်၊ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်း**

**များနှင့် ကျပန်းဝင် ငွေရ လုပ်ငန်းများ  အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။  အလွန် မပြေလည် သောအိမ်ထောင်စု (၇၀.၆%) မှာ လယ်ယာမဲ့များ ဖြစ်ကြပြီး ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာ ကျ ပန်းလုပ်ငန်းများဖြင့်  လုပ်ကိုင်ကြပါသည်။**

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှု အရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၀၀ | ၇၀.၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၅၀ | ၁၁.၈ | ဆင်းရဲသားတောင်သူ |
